## ငွေကြေးအကူအညီပေးရေး အစီအစဉ်

Medina ခွဲစိပ်ကုသရေးစင်တာသည် ရုတ်တရက်ဖြစ်ပွားသော ကျန်းမာရေးပြဿနာများမှ ထိခိုင်စေနိုင်သည့် သင်၏ ငွေကြေးဆိုင်ရာ အခက်အခဲကို နားလည်ပါသည်။ ဖဒရယ်နှင့် ပြည်နယ်အစီအစဉ်များမှ ဆေးဘက်ဆိုင်ရာ ခံစားခွင့်များရရှိစေရန်အတွက် လူနာများအား ကျွန်ုပ်တို့မှ ကူညီရန် ဤနေရာတွင်ရှိနေပါသည်။ သင်၏ ခွဲစိပ်ကုသမှုကုန်ကျစရိတ်များကို ကူညီပေးချေနိုင်သော အရင်းအမြစ်များ ရှာဖွေရေးတွင် ကျွန်ုပ်တို့မှ သင့်ကို အကူအညီပေးချင်ပါသည်။ အမှန်စင်စစ်တွင် အာမခံမရှိသော လူနာတိုင်းသည် လျှော့ပေါ့ကောက်ခံခြင်းများအတွက် အကျုံးဝင်သည်။

## လူနာများနှင့် သူ၏ မိသားစုများအတွက် ငွေကြေးအကူအညီ

ကျွန်ုပ်တို့သည် အာမခံမထားရှိသော လူနာများနှင့် အာမခံအပြည့်အဝမထားနိုင်သော လူနာများအတွက် ငွေကြေးအကူအညီပေးပါသည်။ ၎င်းသည် Medina ခွဲစိပ်ကုသရေးစင်တာမှပေးသော အခမဲ့ဝန်ဆောင်မှုဖြစ်သည်။ ဖဒရယ်နှင့် ပြည်နယ်အစီအစဉ်များမှ ဆေးဘက်ဆိုင်ရာခံစားခွင့်များ ရရှိစေရန်အတွက် လူနာများအား ကျွန်ုပ်တို့မှ ကူညီရန် ဤနေရာတွင်ရှိနေပါသည်။ ယနေ့သင်၏ ခွဲစိပ်ကုသမှုဆိုင်ရာ ကုန်ကျစရိတ်တချို့ သို့မဟုတ် အားလုံးကို ပေးချေရန်မတတ်နိုင်ပါက Medina ခွဲစိပ်ကုသရေးစင်တာသည်-

- သင်၏ ခွဲစိပ်ကုသမှုကုန်ကျစရိတ်များကို ပေးချေရန်အကူအညီရနိုင်မည့် နေရာနှင့် နည်းလမ်းကိုပြောပြပါမည်။
- သင့်အနေဖြင့် အရည်အချင်းပြည့်မီသော အစီအစဉ်များကို ရှာဖွေရေးတွင် အကူအညီပေးပါမည်။
- သင့်လိုအပ်ချက်နှင့် ကိုက်ညီသည့် ပြည်နယ်အစီအစဉ်များအတွက် စာရင်းပေးသွင်းရေးတွင် အကူအညီပေးပါမည်။

သင့်ဝင်ငွေပေါ်တွင် မူတည်၍ သင်သည် အရည်အချင်းပြည့်မီနိုင်သည်-

- အခမဲ့ စောင့်ရှောက်မှု
- ဈေးလျှော့ပေးခြင်းများ
- အတိုးမဲ့ပေးချေခြင်း သတ်မှတ်ချက်များ

လူတိုင်းသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် မတတ်နိုင်သည်ကို ကျွန်ုပ်တို့ နားလည်ပါတယ်။ အာမခံမထားရှိသော လူနာများနှင့် အာမခံအပြည့်အဝမထားနိုင်သော လူနာများအတွက် အတွက် အကူအညီနှင့် ရွေးချယ်စရာများကို ပံ့ပိုးပေးရန်နှင့် လူနာအားပေးကူညီသူများအဖြစ် ဝန်ဆောင်မှုပေးရန် ကျွန်ုပ်တို့မှ ဤနေရာတွင် ရှိနေပါသည်။

## နှစ်စဉ်ပြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များ

လူနာတစ်ဦးသည် ဖဒရယ် အကူအညီအစီအစဉ်များအတွက် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါက Medina ခွဲစိပ်ကုသရေးစင်တာသည် ပြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များကို အခြေခံ၍ အဆင့်ဆင့်လျှော့ပေါ့ပေးသောစနစ်ကို သုံး၍ လူနာအားလျှော့ပေါ့ကောက်ခံပေးလိမ့်မည်။ ပြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များသည် နှစ်စဉ် ၎င်းတို့ကို ဖဒရယ်မှတ်ပုံတင်ရေးရာတွင် ထုတ်ပြန်ကြေငြာသော နေ့တွင် စတင်သက်ရောက်ပါသည်။ ထိုနေ့ရက်တွင် ရယူသော သို့မဟုတ် နောက်တွင် ရယူသောဝန်ဆောင်မှု မည်သည့်နေ့ရက်ကိုမဆို ၎င်း၏အကျုံးဝင်မှုအား လမ်းညွှန်ချက်အသစ်ဖြင့်သာ ဆုံးဖြတ်သင့်သည်။ ၎င်းနေ့ရက်မတိုင်ခင် ဝန်ဆောင်မှုရယူသည့် နေ့ရက်များကို လမ်းညွှန်ချက်များအဟောင်းဖြင့်သာ ဆုံးဖြတ်သင့်သည်။ အမေရိကန်ကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုဦး စီးဌာနမှ ထုတ်ဝေသည့်အတိုင်း လက်ရှိနှင့်ယခင်နှစ်များမှ လမ်းညွှန်ချက်များကိုကြည့်ရန် **http://aspe.hhs.gov/poverty/** သို့သွားပါ။

- ဖဒရယ်ဆင်းရဲမွဲတေမှု လမ်းညွှန်ချက်များ၏ နှစ်ဆအထိဝင်ငွေရှိသောသူတိုင်းကို ကျွန်ုပ်တို့အခမဲ့ကုသပေးသည်။
- ဖဒရယ်ဆင်းရဲမွဲတေမှုလမ်းညွှန်ချက်များမှ လေးဆအထိဝင်ငွေရသူတိုင်းကို သိသိသာသာလျှော့ဈေးပေးထားပါသည်။
- ဖဒရယ်ဆင်းရဲမွဲတေမှုလမ်းညွှန်ချက်များထက် လေးဆပိုသောလူနာများအတွက် စီးပွားဖြစ်ပေးချေသူများနှင့် ကျွန်ုပ်တို့သဘောတူသော လျှော့ဈေးများကိုပေးပါသည်။

Medina ခွဲစိပ်ကုသရေးစင်တာသည် လူနာအားလုံးကို အကြင်နာမေတ္တာဖြင့် ဂုဏ်သိက္ခာရှိရှိ ဆက်ဆံ၍ ကုတင်ဘေးမှသည် ငွေတောင်းခံရုံးအထိ အလေးဂရုပြုပါသည်။

လျှော့ထားခြင်း လုပ်ငန်းစဉ်ကို ဆောလျှင်စွာ ဖော်ထုတ်ခြင်းနှင့် စတင်ခြင်းတို့ လွယ်ကူစေရန်အတွက် လျှော့လွှာပုံစံများကို ကြိုတင်ဝင်ခွင့်နှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အတွင်းရရှိနိုင်အောင် စီစဉ်ထားပါသည်။ ဖောင်ပုံစံဖြည့်စွက်ရာတွင် အကူအညီလိုအပ်ပါက၊ မေးခွန်းများ သို့မဟုတ် လူနာကိုယ်စားလှယ်တစ်ဦး နှင့်တိုက်ရိုက်စကားပြောလိုပါက ကျွန်ုပ်တို့၏ ဝင်ခွင့်စီမံရေးရုံးသို့သို့ ခေါ်ဆိုပါ။ ကျွန်ုပ်တို့ ကူညီဖို့ ဤနေရာတွင် ရှိနေပါသည်။ သင်၏ ငွေပေးချေနိုင်စွမ်း၊ ရရှိနိုင်သောအစီအစဉ်များနှင့် ပတ်သက်၍ သင့်တွင်မေးခွန်းများရှိပါက ကျေးဇူးပြု၍ ခေါ်ဆိုပါ။ ကျွန်ုပ်တို့သည်လူနာတစ်ဦးစီ၏ လိုအပ်ချက်များနှင့် အခြေအနေများအား ကာမိစေရေး ကူညီဆောင်ရွက်ရန် လူနာတစ်ဦးခြင်းနှင့် လုပ်ဆောင်ပါသည်။

ကျွန်ုပ်တို့၏ဝင်ခွင့်စီမံရေးအဖွဲ့သည် Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီအစီအစဉ်၊ ငွေပေးချေမှုအစီအစဉ်များ၊ အာမခံအကျုံးဝင်မှု၊ Medicare နှင့်အခြားငွေကြေးဆိုင်ရာ မေးမြန်းစုံစမ်းမှုများ နှင့်ပတ်သက်သော သင်၏မေးခွန်းများကိုဖြေရန် ရှိနေသည်။

ငွေကြေးအကူအညီအကြောင်းပိုမိုသိရှိလိုပါက (330) 952-0014 သို့ခေါ်ဆိုပါ။